သို့ အယ်ဒီတာ

ပဲခူး အနောက်ပိုင်းက ကျွန်းသာယာ အဝေးပြေးယာဥ်ဝင်းသစ် ကားဂိတ်မှာ မော်တော်ယာဥ် လိုင်းပေါင်းစုံ စည်းကမ်းထိမ်းသိမ်းရေးကော်မတီ (မထသ) က ဂိတ်ဝင်ကြေးတွေတော့ကောက်တယ်။ ဒါပေမယ့် ဂိတ်ထဲက လမ်းတွေကတော့ ပျက်လို့၊ စီးလို့ဗျို။

စကောက်ခဲ့တာက အရင်လက စပါတယ်။ မထသဥက္ကဌ ဦးသိန်းလွင်က နေ့တိုင်း မနက် ၆ နာရီမှ ညနေ ၄ နာရီထိ ဝတ်မပျက် ဆိုက်ကားတောင် မကျန်ပါဘူး ကောက်လိုက်တာမှ ကားကြီးတထောင်၊ ဟိုင်းလတ်ကားလေးဆို ငါးရာ၊ ဆိုက္ကား နှစ်ရာတဲ့ဗျာ။

တနေ့ကို ဒီ ကျွန်းသာယာ အဝေးပြေးကိုလာတဲ့ကားက အစီး ၅၀ ပြေးမလွတ်ပေ့ါ။

လမ်းတွေကတော့ဖြင့် ကျောက်ခဲစားသွားရင်တောင် အစာကြေမယ်။ အဝင်လမ်းကော အထွက်လမ်းကော ပျက်။

ပဲခူးစည်ပင်သာယာကပြောတော့ သူတို့နဲ့မဆိုင်ဘူးတဲ့။ အဝေးပြေးကားဂိတ်ကို ခဃကက တိုက်ရိုက်ကိုင်တာတဲ့။ ဘယ်သူများ တာဝန်ရှိကြပါလဲဗျာ။

အမြင်မတော်လွန်းသူ
ပဲခူး